<u>စစ်ဆေးတွေ့ရှိချက်အပေါ် အကြံပြုချက်ပုံစံ(ဂ)</u>

စက်ရုံအမည် ---------------------------- ရက်စွဲ၊ - - ၂၀၂၀
လိပ်စာ ---------------------------

၁။ Work from home

- နေအိမ်မှအလုပ်လုပ်ရန် ဖြစ်နိုင်သောအလုပ်သမားများကို နေအိမ်များမှသာ အလုပ်လုပ်စေရန် စီစဉ်ထားရှိရန်။

၂။ Physical Distancing အတွက်

- (၆)ပေ တိကျသော အကွာအဝေး ရှိစေရန် ကြမ်းပြင်ပေါ်တွင် အမှတ်အသား ပြုလုပ်ရန်၊
- (၆)ပေခွာ၍ မရသော နေရာများအတွက် Face shield ဝတ်ဆင်ခိုင်းပြီး၊ မျက်နှာချင်း ဆိုင်မဖြစ်စေရန် စီစဉ်ပေးရန်၊ ပလတ်စတစ် အကာထားရန်၊
- အဆိုင်းစနစ် ကျင့်သုံးရန်နှင့် အဆိုင်း မရွှေ့ပြောင်းဘဲ တာဝန်ချထားရန်၊
- အလုပ်တက်/ဆင်းချိန် မတူညီစေရန် စီစဉ်ရန်၊
- ထမင်းစားချိန် မတူညီစေရန် စီစဉ်ရန်။

၃။ အလုပ်သမားတိုင်းအတွက် ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်အိတ်များ တပ်ဆင်ရန် ညွှန်ကြားထားခြင်းနှင့် လုံလောက်စွာ ထောက်ပံ့ပေးထားခြင်းအတွက်

- နှာခေါင်းစည်း(Mask)နှင့် လက်အိတ်များ လုံလောက်စွာ ထောက်ပံ့ပေးရန်။

၄။ **Staff Sickness အတွက်**

- COVID-19 လက္ခဏာများ ခံစားနေရသည့် ဝန်ထမ်းများကို လုပ်ငန်းခွင်သို့ မဝင်ရောက်စေဘဲ ကျန်းမာရေးဌာနသို့ မည်သို့မည်ပုံ သွားရောက် ဆေးကုသပေးမည့် အကြောင်းကို ကြိုတင်တွက်ဆ စီစဉ်ရေးဆွဲ ဆောင်ရွက်ထားရန်၊ ကျန်းမာရေးဌာန၏ ဖုန်းနံပါတ် အဆင်သင့်ထားရှိရန်၊
- အလုပ်ခွင်သို့ မဝင်ရောက်ရမည့်အချက်များကို Vinyl ဖြင့် ထင်ရှားစွာ ရေးသားဖော်ပြထားရန်၊
- ဝန်ထမ်း၏ မိသားစုဝင်တစ်ဦးဦး နာမကျန်း ဖြစ်ပါက စက်ရုံအကြီးအကဲထံသို့ တိုင်ကြားရန်နှင့် စက်ရုံအကြီးအကဲမှ ကျန်းမာရေးဌာနသို့ ဆက်လက်သတင်းပို့ ညွှန်ကြားထားရန်။

၅။ **Transportation အတွက်**

- Ferry အလုံအလောက် စီစဉ်ပေးရန်၊ Seating Plan ရေးဆွဲပြီး ဝန်ထမ်းများကို အသိပေးကာ Seating Plan အတိုင်း ထိုင်ခိုင်းရန်၊ Ferry ပေါ်တွင် Face shield တပ်ခိုင်းရန်နှင့် လက်သန့်ဆေးရည်နှင့် Mask ထားရှိပေးရန်။

၆။ **Entrance/ Exit အတွက်**

- Non Touch Thermometer ( ) ထပ်ဝယ်ပေးထားရန်။
- ကိုယ်အပူချိန် တိုင်းသည့်ဝန်ထမ်းအား Masks, Gloves, Apron, Face shield အပြည့်အစုံထောက်ပံ့ ပေးထားရန်၊
- ဝင်ပေါက်/ ထွက်ပေါက်များတွင် (၆)ပေအကွာမှ ခွာ၍ ဝင်/ထွက်နိုင်အောင် စီစဉ်ပေး ရန်၊
- စာရွက်ပေါ်တွင် စုရုံးလက်မှတ်ထိုးခြင်းနှင့် Fingerprint scanners များ အသုံးမပြုဘဲ ကြီးကြပ်ရေးမှူးများအား တာဝန်ပေးထား၍ အလုပ်သမားများ အလုပ်တက်ရောက်ခြင်း ရှိ/မရှိ ဆန်းစစ်ရန်၊

- စက်ရုံရှိ အလုပ်သမားများအားလုံး၏ ရန်ကုန်၊ နယ်လိပ်စာများနှင့် ဖုန်းနံပါတ်များကို အတိအကျ ပြုစုထားရှိရန်။

၇။ **Hygiene အတွက်**

- ခြေနင်း/ Auto/ Censor ဖြင့် ဖွင့်ရသော လက်ဆေးကန်(ဘေစင်)များ အလုံ အလောက် ထားရှိပေးရန်(ဝင်/ ထွက်ပေါက်၊ နားနေဆောင်၊ ထမင်းစားဆောင်၊ အိမ်သာ)
- ဆပ်ပြာ/ ရေ/ တစ်ရှူး စက္ကူများ ထားပေးရန်၊
- စနစ်တကျ လက်ဆေးနည်းပိုစတာများကို လက်ဆေးရန် နေရာတိုင်းတွင် ကပ်ထား ပေးရန်။

၈။ **Cleanliness and Disinfection အတွက်**

- General Waste နှင့် Medical Waste များကို ခွဲပစ်ရန် ညွှန်ကြားထားရန်နှင့် အဖုံးနှင့် ခြေနင်းပါသည့် အမှိုက်ပုံးများကို အသုံးပြုရန်၊ မှတ်တမ်းထားရှိရန်၊
- 70% Alcohol နှင့် 0.1% Hypochlorite Solution များ အလုံအလောက် ထားရှိရန်နှင့် ဖျော်စပ်နည်းနှင့် အသုံးပြုခြင်းဆိုင်ရာနည်းလမ်းများ သိရှိထားရန်။

၉။ **Meals and Rest**

- စားဖိုဆောင်ဝန်ထမ်း၏ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် မည်သို့ ဆောင်ရွက်ထားကြောင်း မှတ်ချက်ဖြင့် ဖော်ပြရန်၊
- ထမင်းစားခန်း၊ နားနေခန်းများကို သတ်မှတ်ချက်နှင့်အညီ ပြုပြင်ရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေအကွာတွင် စားသောက်ရန် (သို့) နားနေနိုင်ရန်အတွက် စီစဉ်ပေးရန်၊
- ထမင်းစားခန်း၊ နားနေခန်းများတွင် စနစ်တကျ လက်ဆေးနိုင်အောင် ဆောင်ရွက်ပေး ရန်၊
- ဝန်ထမ်းအိပ်ဆောင်များ သတ်မှတ်ချက်နှင့်အညီ ပြုပြင်ရန်။

၁၀။ **အထွေထွေ အတွက်**

- လေဝင်/လေထွက်ကောင်းမွန်ရေးနှင့် Aircon လေစစ်ဇကာများ ပုံမှန်သန့်ရှင်းရေး ပြုလုပ်၍ မှတ်တမ်းထားရှိရန်။

**လက်မှတ်--------------------**
**အမည်---------------------**
**(တိုင်း/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကိုယ်စားလှယ်)**

**လက်မှတ်--------------------**
**အမည် ---------------------**
**(တိုင်း/မြို့နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှကိုယ်စားလှယ်)**

**လက်မှတ်--------------------**
**အမည်---------------------**
**(တိုင်း/မြို့နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှကိုယ်စားလှယ်)**

**လက်မှတ်--------------------**
**အမည် ---------------------**
**(တိုင်း/ခရိုင်/မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်)**

**လက်မှတ်--------------------**
**အမည်---------------------**
**(စက်မှုဇုန်/ UMFCCIမှ ကိုယ်စားလှယ်)**